# လွှတ်တော်ဖွဲ့စည်းပုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ၅နှစ်လျှင်တစ်ကြိမ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပကာ ရွေးကောက်တင်မြှောက်ပါသည်။ ပြည်ထောင်စုလွှတ်တော်ကို ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော် နှစ်ရပ် ပေါင်းစည်း၍ ဖွဲ့စည်းထားပါသည်။ လွှတ်တော်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ ပထမပုံမှန် အစည်းအဝေး ကျင်းပသည့် နေ့ရက်မှစ၍ ၅ နှစ် ဖြစ်သည်။



**၄၄၀**
ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်ဦးရေ

**၂၂၄**
အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်ဦးရေ





မြို့နယ်/လူဦးရေကို အခြေခံ၍ မဲဆန္ဒနယ်အသီးသီးအတွက် ရွေးကောက်တင်မြှောက်သည့်
**၃၃၀ ဦးထက် မပိုသော**
ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်များ

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့်
**၁၁၀ ဦးထက် မပိုသော**
တပ်မတော်သားကိုယ်စားလှယ်များ





တိုင်းဒေသကြီး နှင့် ပြည်နယ်တစ်ခုချင်းစီ အတွက် ကိုယ်စားလှယ် ၁၂ ဦးကျ တူညီစွာ ရွေးကောက်တင်မြှောက်သည့်
**၁၆၈ ဦးထက် မပိုသော**
အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်များ

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့်
**၅၆ ဦးထက် မပိုသော**
တပ်မတော်သားကိုယ်စားလှယ်များ

## လွှတ်တော်၏ လုပ်ငန်းတာဝန်များ



လွှတ်တော်ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းနှင့် သမ္မတ၊ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း–



ပြည်သူလူထုကို ကိုယ်စားပြုခြင်း–
'ပြည်သူ့အသံ– လွှတ်တော်အသံ'
'ပြည်သူ့ဆန္ဒ – လွှတ်တော်ဆန္ဒ'
'ပြည်သူ့တို့မျှော်လင့်ချက်–
လွှတ်တော်က ဖော်ဆောင်ရွက်'



ပြည်သူ့ဘဝ လုံခြုံတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေများ ပေါ်ပေါက်လာရေးအတွက် ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုလုပ်ကြရပါသည်။



အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်း

**HLUTTAW**

The project to develop this Map was supported by the Hanns Seidel Foundation, the German Bundestag and Bundesrat. Financial support was provided by the Foreign Ministry of Germany (Auswärtiges Amt).
All rights,including the right of reproduction, dissemination and translation, reserved.
The copyrights of this publication is held by Amyotha Hluttaw, Pyithu Hluttaw and  Pyidaungsu Hluttaw, the Republic of the Union of Myanmar.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်

# လွှတ်တော်ကိုယ်စားလှယ်များ



## ၄၄၀
## ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်ဦးရေ

## ၂၂၄
## အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်ဦးရေ

### မဲဆန္ဒရှင် ပြည်သူများအတွက် ဆောင်ရွက်ချက်များ

- လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို မဲဆန္ဒရှင် ပြည်သူများသို့ ပြန်လည် ရှင်းလင်းတင်ပြခြင်း
- မဲဆန္ဒနယ်များသို့သွားရောက်ခြင်း နှင့် မဲဆန္ဒရှင် ပြည်သူများ၏အသံများအား နားထောင်ခြင်း
- မဲဆန္ဒရှင် ပြည်သူများ၏ အသံများ၊ မိမိမဲဆန္ဒနယ်မြေ၏ လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်း (သို့မဟုတ်) အဆိုအဖြစ် တင်သွင်းခြင်း

### အပြန်အလှန်ထိန်းညှိခြင်း

- ကော်မတီများ အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း
- သက်ဆိုင်ရာ ဌာနဆိုင်ရာများအား မေးခွန်းမေးမြန်းခြင်း နှင့် ဆွေးနွေးခြင်း
- ပြည်ထောင်စု အစိုးရ ဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များကိုလည်း ဥပဒေနှင့်အညီ စောင့်ကြည့် ထိန်းညှိခြင်း

### ဥပဒေပြုခြင်း

- လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးခြင်း
- လွှတ်တော်ကော်မတီ အစည်းအဝေးများတွင် ပါဝင်ဆွေးနွေး သုံးသပ်ခြင်း
- ဥပဒေများအား စိစစ်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း

---

## ပြည်သူများ၏ ပူးပေါင်းပါဝင်မှု

လွှတ်တော်များ အနေဖြင့် ပြည်သူလူထုများ၏ ပူးပေါင်းပါဝင်မှု တိုးမြှင့်နိုင်ရန် အတွက် တက်ကြွစွာ လုပ်ဆောင်လျက် ရှိပါသည်။ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ဖော်ပြပါ နမူနာ နည်းလမ်းများဖြင့် ပူးပေါင်းပါဝင်နိုင်ပါသည်။



လွှတ်တော်သို့
လာရောက်လေ့လာခြင်း



မဲဆန္ဒနယ်များ၏ လိုအပ်ချက်များအတွက်
လွှတ်တော်ကိုယ်စားလှယ်များနှင့်
ဆက်သွယ်ခြင်း



လွှတ်တော် အစည်းအဝေးများအား
လာရောက်လေ့လာခြင်း၊
ကော်မတီများသို့ လာရောက်တိုင်ပင်
ဆွေးနွေးခြင်း



လွှတ်တော်အစည်းအဝေးတွင်
ဆွေးနွေးနေသော ဥပဒေများနှင့်
ပက်သက်၍ အကြံပြုချက်များ
ပေးပို့ခြင်း

HLUTTAW

The project to develop this Map was supported by the Hanns Seidel Foundation, the German Bundestag and Bundesrat. Financial support was provided by the Foreign Ministry of Germany (Auswärtiges Amt).
All rights,including the right of reproduction, dissemination and translation, reserved.
The copyrights of this publication is held by Amyotha Hluttaw, Pyithu Hluttaw and  Pyidaungsu Hluttaw, the Republic of the Union of Myanmar.